# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

## နေပြည်တော်

## ဝန်ထမ်းလျှောက်လွှာ နောက်ဆုံးလျှောက်ထားရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်းနှင့် လျှောက်ထားနိုင်သည့်နေရာများ ထပ်မံဖြည့်စွက်ခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် အရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ကြောင်း (၂၀/၂၁/၂၂-၇-၂၀၂၁) ရက်နေ့ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ပြီး အသက်ကန့်သတ်ချက် ပြင်ဆင်သတ်မှတ်မှုအား (၂၅/၂၆-၇-၂၀၂၁) ရက်နေ့ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဇူလိုင်လ(၁၇)ရက်နေ့မှ ဩဂုတ်လ (၁) ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များအဖြစ်ကြေညာခဲ့ပါသည်။

၃။ အများပြည်သူ အလုပ်ပိတ်ရက်များအတွင်း လျှောက်ထားသူများ အခက်အခဲမရှိစေရေးအတွက် နောက်ဆုံးထားလျှောက်ထားရန် သတ်မှတ်ထားသည့်ရက်အား (၆-၈-၂၀၂၁) ရက်နေ့အစား **(၂၁-၈-၂၀၂၁) ရက်နေ့သို့** ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

၄။ လျှောက်လွှာများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးများ၊ ခရိုင်ဦးစီးမှူးရုံးများနှင့် မြို့နယ် ဦးစီးမှူးရုံးများတွင်လည်း လျှောက်လွှာများ အခမဲ့ရယူပြီး လျှောက်လွှာထုတ်ယူခဲ့သော ဦးစီးမှူးရုံးသို့ ပြန်လည်ပေးပို့လျှောက်ထားရမည်။

၅။ အသေးစိတ်သိရှိလိုပါက (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) ဝန်ကြီးရုံး၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၁၂၇၉၊ ၀၆၇-၄၃၁၀၀၂၊ ၀၆၇-၄၃၁၀၁၃ များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။